# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

သခင်ဘုရား၏ အလိုတော်နှင့်အညီ
မိဘစကားကို နားထောင်ကြလော့။ ဧဖက် ၆း၁

အမှတ်စဉ် ( ၂၂ ) ဇွန်လ ၂၀၀၃ ခုနှစ် ဝေငှမှု ( ထခင့် ထထဝ တနင်္ဂနွေနေ့တိုင်း ဖေဖေ့ ဖြန့်ချိသည် )




## တန်ဖိုးထားတတ်နိုင်ကြပါစေ

မေမေ ရဲ့မေတ္တာ၊ ဖေဖေရဲ့ အကြင်နာနဲ့ ညီအစ်ကို မောင်နှမများရဲ့ ချစ်ခင်စည်းလုံးမှုများ ပေါင်းစည်းရာနေရာကို 'မိသားစု' လို့ ခေါ်ဆိုကြပေမဲ့ ... မိခင်နဲ့ဖခင်ရဲ့ စွန့်ပစ်ခြင်းခံခဲ့ရတဲ့။ ဖေဖေ၊ မေမေဆိုတာ ဘယ်သူလဲလို့ မသိတဲ့အပြင်၊ ဘယ်သူ့ကို မိဘအဖြစ် လက်ညှိုးညွှန်ပြရမှန်း မသိတဲ့ အပါယ်ခံလူသား ကျွန်မအတွက် 'မိသားစု' ဆိုတာ ဘယ်မှာလဲဟင်...

ပျောက်ဆုံးနေတဲ့ဝိညာဉ်ကို ကယ်တင်ဖို့ ရှာဖွေနေတဲ့ အခုလို နောက်ဆုံးသော ကာလကြီးထဲမှာ ကျွန်မလို ပျောက်ဆုံးနေတဲ့ မိဘကို ရှာဖွေနေတဲ့ လူသား အတွက် ဘယ်သူကများ နားလည် ကိုယ်ချင်းစာပြီး ကူညီရှာဖွေပေးမှာလဲ။ ကျွန်မဟာ အမိဝမ်းထဲကကျွတ်လို့ လောကကမ္ဘာကြီးထဲ ရောက်ရှိလာတဲ့ ပထမဆုံးနေ့လေး တစ်နေ့မှာဘဲ ဖေဖေရဲ့ အကြင်နာ၊ မေမေရဲ့ မေတ္တာများနဲ့ ကင်းဝေးခဲ့ရသူ ရယ်ပါ။ ။ ဝမ်းတွင်းက ကျွတ်ချိန်မှာ ဆာလောင်လွန်းလို့ အားမြဲတဲ့ မေမေ့ရဲ့ နို့ရည်စက်များကို တမ်းတ မိချိန်မှာ ရရှိလိုက်တာကတော့ သိပ်ပွဲနည်းနဲ့ ဖော်စပ်ထားတဲ့ နို့မှုန့်များရဲ့ အရသာဘဲပေါ့။

ရန်ကုန်ဆောင်းရဲ့ အစ၊ အောက်တိုဘာလရဲ့ နောက်ဆုံးသော နေ့လေးမတိုင်မီ တရက်အလိုမှာ မွေးဖွားခဲ့တဲ့ ကျွန်မဟာ အေးချမ်းလွန်းလို့ နွေးထွေးတဲ့ ပိုက်ထွေးမှုများကို တောင့်တမိချိန်မှာလဲ ခံစားလိုက်ရတဲ့ အထိတွေ့များကတော့ အေးစက်လွန်းတဲ့ အနီးပိတ်စ များပါဘဲ။ ဖေဖေ့ဆီက "သမီးလေး" လို့ခေါ်သံ၊ မေမေ့ဆီက အကြင်နာမျက်ဝန်းများကို တော်မှတ်နေချိန်မှာ ရင်ဆိုင်လိုက်ရတဲ့ မျက်ဝန်းများကတော့ "အိုး ... အဖေအမေ မရှိတဲ့ ကလေးလေးပါလား၊ ကုသိုလ်ကံ ကလဲ ဆိုးလိုက်တာ" ဆိုတဲ့ မေးငေါ့ပြစ်တင် စပ်ရသော အသံများသာ။ ကျွန်မ ... ကျွန်မလေ ဝမ်းနဲလိုက်တာ။ ဘေးကုတင်က သူငယ်ချင်းတွေကတော့ နွေးထွေးတဲ့ မိခင်ရဲ့ ရင်ခွင်ထဲမှာ နှစ်မြိုက်စွာ အိပ်မောကျနေချိန်မှာ ကျွန်မကတော့ အေးစက်လွန်းလှတဲ့ ပုခက်လေး ထဲကနေ ဖေဖေနဲ့ မေမေ အလာကို တမ်းတနေသူရယ်ပါ။

ဂန္ဓီဆေးရုံ (ရန်ကုန် အနောက်ပိုင်းဆေးရုံ) ရဲ့ ကလေးခန်းထဲက ပုခက်လေးအတွင်းမှာ ဖေဖေနဲ့ မေမေအလာကို စောင့်နေတဲ့ ကျွန်မဟာ ၆လ ကြာတဲ့အခါမှာ ကယ်တင်ရှင် လူသားတစ်ဦး ပေါ်လာခဲ့ပါတယ်။ သူကတော့ အခုထိအောင် ကျွန်မကို ချစ်ခင်ယုယပြီး ပြုစုပျိုးထောင်ပေးခဲ့တဲ့ တစ်ချိန်က ဂန္ဓီဆေးရုံရဲ့ သူနာပြု ဆရာမအုပ်ကြီး တစ်ဦးပေါ့။ ဖေဖေနဲ့ မေမေ့ဆီက မရခဲ့တဲ့ မေတ္တာအားလုံးကို ကျွန်မရဲ့ မွေးစားမာမီက ပေးခဲ့တယ်လေ။ သူ့အားဖြင့် ကျွန်မရဲ့ ဘဝမှာ ဖန်ဆင်းရှင်နဲ့ ထာဝရအသက်ကို ပေးပိုင်သူကို သိခဲ့ရတာပေါ့။ မာမီရဲ့ ချစ်ခြင်းနဲ့

**ဘုရားရှင်ရဲ့ ကွယ်ကာစောင့်ရှောက်မှုများကြောင့် ကျွန်မကို စွန့်ပစ်ခဲ့တဲ့ ဖေဖေနဲ့ မေမေကို ဝေးရွှေး အရပ်းတင်နေမိသလို ကျွန်မ အတောင့်တဆုံး ဆန္ဒလေးကတော့ ဖေဖေနဲ့ မေမေ့ကို ခနလေး ဘဲဖြစ်ဖြစ် တွေ့ချင် မြင်ချင် နေတာပါ။**

အတမ်းတဆုံးနေ့ကတော့ မနှစ်က ကျွန်မရဲ့ မင်္ဂလာပွဲမှာပါဘဲ။ မွေးကင်းစ ကတည်းက အကြင်နာနဲ့ ဝေးခဲ့တဲ့၊ ကျွန်မဟာ လောကကြီးထဲမှာ တွေ့ဆုံခဲ့ရတဲ့ လူသား နှစ်ဦးထံက ပြည့်ဝပိုလျှံတဲ့မေတ္တာ၊ အကြင်နာများ ရခဲ့တာမို့ "ဖန်ဆင်းရှင် အဖ" ကို ကျေးဇူးအများကြီးတင်ပါတယ်။

ကျွန်မကတော့ ဖေဖေနဲ့ မေမေလို့ ခေါ်ခွင့်မရတဲ့ လူသား တစ်ဦး ဖြစ်နေပေမဲ့၊ ဖေဖေ မေမေလို့ခေါ်ခွင့်ရတဲ့ လူသားတွေထဲမှာ တစ်ချို့က ဘာဖြစ်လို့များ ကိုယ့်ရဲ့ ဖေဖေနဲ့ မေမေကို တန်ဖိုး မထားတတ်ကြတာပါလဲ။ အဲဒီလို မိဘတွေကို တန်ဖိုးမထားတတ်တဲ့လူတွေကို ကြုံတွေ့မိတိုင်း တအား ဝမ်းနည်းမိတယ်။ ဘယ်သူကများ မိဘက စွန့်ပစ်ခြင်းခံရတဲ့ မိဘမဲ့အဖြစ်နဲ့ အသက်ရှင် ချင်မှာလဲ။ တိုတောင်းလွန်းလှတဲ့ လောကကမ္ဘာထဲမှာ ကိုယ်နဲ့ အနီးအပါးမှာ ရှိနေတဲ့ မိဘများဆီက မေတ္တာနဲ့ နွေးထွေးမှု၊ ပြုစုယုယ ကြင်နာမှုတွေနဲ့ ကင်းဝေးအောင် ဘာဖြစ်လို့များ ကြိုးစားနေကြပါသလဲဟင်။

ဒီစာလေးကတဆင့် အယောက်စီတိုင်းကို ကျွန်မရဲ့ ဘဝနဲ့ယှဉ်ပြီး တစ်ခုလောက်ပြောပါရစေ။ မိခင်၊ ဖခင်ရဲ့ မေတ္တာကို တန်ဖိုးမထားမိသေးတဲ့ ညီအစ်ကို မောင်နှမများ မိခင်နဲ့ဖခင်နဲ့ နီးကပ်စွာ အသက်ရှင်ရင်း သူတို့ပေးနေတဲ့ မေတ္တာများကို ခံယူလျက် သူတို့ရဲ့ လောကကြီးထဲ ပို့ဆောင်ပေးမှုများကို တန်ဖိုးထား တတ်နိုင်ကြပါစေ။

ကျွန်မကတော့ ဘယ်ဆီမှာမှန်းမသိတဲ့ ဖေဖေနဲ့ မေမေ့ကို Father's Day နဲ့ Mother's Day ရောက်တိုင်း THANK YOU ဆိုတဲ့ စကားလေးကို ရင်တွင်းကဘဲ ပြောဆိုခွင့်ရပေမဲ့၊ နှုတ်ကပြောဆိုခွင့်ရှိနေတဲ့ ညီအစ်ကို မောင်နှမများ THANK YOU လို့ပြောဆိုရင်း ... မိဘများရဲ့ မေတ္တာနဲ့ ကရုဏာ ကြင်နာမှု၊ စေးမကူညီ ပြုစုပျိုးထောင်ပေးမှု၊ ထာဝစဉ် ဆုတောင်းခြင်းဖြင့် ဘုရားရှင်၌ ဆက်ကပ်ပေးမှု အားလုံးအတွက် တန်ဖိုးထား တတ်နိုင်ကြပါစေ။ တမ်းတခြင်း များစွာဖြင့် ... **ခင်သစ္စာ**

## မြစ်တစ်စင်းရဲ့ ရှိုက်သံ

မြစ် ( **River**) ဟုဆိုလျှင် မည်သူမဆို သိကြမည်ဖြစ်သည်။ သို့သော် ဘုရားရှင်၏ ဖန်ဆင်းခြင်း လက်ရာတော်တွေထဲမှ လူသားများကို အလုပ်အကျွေးပြုကာ အသုံးဝင်သော အရာများထဲတွင် "မြစ်"သည်လည်း အပါအဝင်ဖြစ်သည်ဆိုသော အချက်ကို ဆင်ခြင်မိသူ ရှိချင်မှ ရှိပေလိမ့်မည်။

ကျွန်မ ငယ်စဉ်ကလေးဘဝက ပုသိမ်မြို့နှင့် အလွန်ဝေးကွာသော ကျေးလက်တောရွာတစ်ခုတွင် ကြီးပြင်းလာခဲ့ပါသည်။ တောသူတောင်သားတို့၏ ရိုးသား ဖွန့်ဖြိုးသော စိတ်နေသဘောထားကို ဖြတ်နိုးခဲ့သလို ရေမြေတောတောင်သဘာဝ အလှတရားကို မြတ်နိုးတတ်သောစိတ်က မွေးရာပါ ပါသနာတစ်ခု ပါလာသည်ဟု ဆိုရလောက်အောင် ညနေကျောင်းဆင်းချိန်တွေမှာ ဖခင်ရဲ့ ဥယျာဉ်လေး တည်ရှိရာ မြစ်ကမ်းနံဘေးတွင် အနားယူ အချိန်ဖြုန်းလေ့ရှိပါသည်။ 'တိမ်တောက်ချိန်' ဟုခေါ်သော ညနေချမ်း နေရိုရီအချိန်တွင် လှိုင်းကြက်ခွပ်ကလေးများ တရှပ်ရှပ်ကွန့်မြူးကာ ညှင်းပြောင်းသော တသွင်သွင်စီးဆင်း ရေစီးသံရဲ့ သာယာမှုကို


ပန်းချီကားတစ်ချပ်၊ တေးဂီတ တစ်ပုဒ်လို ခံစားဖူးပါသည်။ မြစ်ရေပြင်ပေါ်တွင် တရွေ့ရွေ့ မြောပါနေသော ငါးဖမ်းလှေများကို ငေးကြည့်ရင်း ကျွန်မ အတွေးလွန်နေခဲ့ရင် အိမ်ပြန်ဖို့ ဖခင်က လာခေါ်သွားရစမြဲဖြစ်သည်။

ကျွန်မက "မြစ် ဆိုသည်မှာ တစ်ခါတစ်လေကျတော့ မိန်းမပျိုလေး တစ်ဦးလို၊ သိမ်မွေ့တင့်တယ်လှသလို၊ တစ်ခါတစ်ခါ ကျပြန်တော့ လည်းလူဆိုးကြီး တစ်ယောက်လို ကြောက်စရာ ကောင်းနေပြန်ပါသည်" ဟု ဖတ်ခဲ့ဖူးသော ကဗျာလေးကို ရွတ်ပြတိုင်း ဖခင်က တဟားဟား ရယ်မောရင်း "ဟုတ်တယ် သမီးရေ၊ ကဗျာဆရာတွေကတော့ မြစ်ကို ဇာတ်လိုက်မင်းသား တစ်ယောက်လို တင်စားနိုင်ကြသလို အပါးတို့တောင်သူတွေအတွက်ကတော့ မြစ်ကို ဖခင်ကြီး တစ်ဦးလို အားထားနေရတာ သမီးအမြင်ဘဲလေ" ဟိုးဘက်လှမ်းလှမ်းကို ကြည့်လိုက်သော် မြစ်ကမ်းပါးတလျှောက် ဖြစ်သလို ဆောက်ထားသော တဲငါတဲများသည် မြစ်တစ်စင်း၏ အကျိုးပြုမှုကြောင့် ရှင်သန် နေဆဲဖြစ်ပါသည်။ တံငါသည်များ စားဝတ်နေရေးပြေလည်စေရန် မားမားမတ်မတ် ရပ်တည်ပေးသော မြစ် တစ်စင်း ကောက်ပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းရန် တောင်သူလယ်သမား များ၏ မိတ်ဆွေ မြစ်တစ်စင်း။ မော်တော်ကား မီးရထား များ မသွားနိုင်သော ဒေသများတွင် သယ်ယူပို့ဆောင်ရေးအတွက် အရေးပါသော မြစ်တစ်စင်း။ ရေစီးအားကို အသုံးပြု၍ လျှပ်စစ်ဓါတ်အားထုတ်လုပ်နိုင်ခြင်း စသော မြစ် ၏ အသုံးဝင်မှုအား လေ့လာမိလေလေ၊ မြစ်ကို ပို၍ မြတ်နိုးလာလေလေ ဖြစ်ပါသည်။

အကျိုးကို လှန်ပြီး လက်မောင်း ကြွက်သားထုတ်ပြခဲ့သော ဖခင်သည် ယခုချိန်တွင် လှုပ်ရှားမှု ကင်းမဲ့စွာ နေ နေရလေပြီ။ မချိမဆန့် ဝေဒနာ ခံစားနေရလေပြီ။

**ကျွန်မ၏ လိုအပ်မှုမျိုးစုံကို နည်းအသွယ်သွယ်ဖြင့် ဖြည့်ဆည်းပေးနေသော "မြစ်တစ်စင်း" ပကြာခင် ခမ်းခြောက်သွားတော့ မှာပါလား ဆိုသောအသိက ရင်ကို ဝလောင်းထူသွားစေခဲ့သည်။**

ထိုအသိကြောင့် ဖခင်၏ ရင်ခွင်ထဲသို့ ကလေးငယ်တစ်ဦးလို ပြေးဝင်လိုက်ပါသည်။ ဖခင်၏ ရင်ခွင်သည် ယခင်က ကျွန်မအတွက် ထာဝစဉ် အေးမြနေသော်လည်း ယခုအခါတွင် ဝေဒနာကြောင့် ပူလောင်၍နေခဲ့ပါပြီ။ ဖခင် ခံစားနေရသော ဝေဒနာသက်သာစေရန် ရေအေးစွတ်ပုဝါနှင့် စွတ်ပေးလိုက်သော အခါတွင် ကျွန်မ၏ နဖူးပေါ်သို့ ဖခင်၏ မျက်ရည်ပူများ စီးဆင်းလို့လာပါသည်။ ဝေဒနာဆိုး၏ ဒဏ်ကို အပြင်းအထန်ခံစားနေရသည်သာမက အရွယ်မရောက် သေးသော သမီးတစ်ယောက်၏ အနာဂါတ်ခရီးအတွက် ဖေးမကူညီမှု မပေးနိုင်တော့ပါလား ဆိုသော အသိစိတ်က ဖခင်၏ဦးဖျောက်တွင်း ဝင်လာသော အချိန်တွင် ရှိုက်ငိုသံနှင့်အတူ " အ ပါး အ သက် ရှင် ချင် သေး တယ် ၊ အ ပါး တာ ဝန် တွေ မ ကျေ သေး ဘူး " ဟု လည်ချောင်းတွင်းမှ ခက်ခက်ခဲခဲ ထွက်လာသော ဖခင်၏ ကြေကွဲသံကြောင့် ကျွန်မတို့ တစ်မိသားစုလုံး ရင်ကွဲမတတ် ခံစားခဲ့ရပါသည်။



ကျွန်မ ဆယ်ကျော်သက်အရွယ် ရောက်လာသောအခါတွင် ဖခင်၏ မြစ်ကမ်းနံဘေးနှင့်သော်လည်းကောင်း၊ ဥယျာဉ်ခြံလေးနှင့် သော်လည်းကောင်း ဝေးကွာသော အရပ်တွင် ပညာသွားသင်ခဲ့ရသောကြောင့် မြစ်အကြောင်းနှင့် ပါတ်သက်ပြီး ငယ်ငယ်တုန်းကလို ခံစားမှု သိပ်မရှိတော့ပါ။ မမျှော်လင့်သော တစ်နေ့တွင် (ကျွန်မ ဆယ်တန်းဖြေရန် ၂လ သာလိုတော့သောအချိန်တွင်) အမေရေးလိုက်သည့် "အမြန်ဆုံးပြန်လာပါ" ဆိုသောကြေးနန်းစာကြောင့် အိမ်သို့ ပြန်လာခဲ့ရသည်။ လှေဆိပ်သို့ ရောက်လာသောအခါ မှောင်စပျိုးနေပြီ ဖြစ်သည်။ ထိုလှေဆိပ်မှ ကူးတို့လှေတစ်စင်းဖြင့် "မြစ်တစ်စင်း"ကို ဖြတ်ကျော် လာခဲ့ပါသည်။ ထိုညနေ နေဝင်ရီတရော အချိန်သည် အခြားသော ညနေများထက်ပို၍ မှုန်မှိုင်းသည်ဟု ထင်ခဲ့ရသလို နောက်ကျိနေသောရေပြင်နှင့်အတူ သံစဉ်မညီမညာ ရေစီးသံများသည် ကျွန်မ၏ ရင်ကို ပို၍ပူလောင်စေခဲ့ပါသည်။ ပင်ပန်း နွမ်းနယ်စွာဖြင့် အိမ်ပေါ်တက်လာသောအခါတွင် ဝေဒနာခံစားနေရသည့်ကြားမှ အားယူ၍ ပြုံးပြနေသော ဖခင်အိုအား တွေ့လိုက်ရပါသည်။

ကျွန်မ၏ ဖခင်မှာ လည်ချောင်း ကင်ဆာရောဂါ ခံစားနေရပါသည့် ကြားမှ ရိုနဲ့သောအပြုံးတစ်ခုကို အားယူ၍ပြုံးလိုက်ပါသည်။ လွန်ခဲ့သော ၂လ ကျော်က မိခင်နှင့် ဖခင်တို့ ကျွန်မ ပညာသင်သောမြို့သို့ အလည်လာစဉ်က ဖခင်၏လည်ပင်းတွင် အကြိတ်တစ်ခု ရှိနေပါသည်။ ကျွန်မက စိုးရိမ်၍ " အပါး၊ ဆရာဝန်ကို သေသေချာချာ ပြကြည့်ပါလား၊ ကင်ဆာ ဖြစ်နေရင် စောစောစီးစီး ခွဲလို့ရတာပေါ့" ဟုပြောခဲ့သော် လည်း အပါးက "မပူပါနဲ့ သမီးရယ်၊ ဒီအကြိတ် နည်းနည်းအပြင်ထွက်လာရင် အပါး သွားခွဲထုတ်လိုက်မှာပါ။ အပါး သူငယ်ချင်း တစ်ယောက်ဆိုရင် သူ့အကြိတ်ကို ခွဲရုံတင် မကဘူး။ ကြီးနဲ့သီထားပြီး အခြောက်ခံနေပုံ လုန်းထားသေးတယ်" ဟု ရယ်ရယ် မောမောနှင့် ပြောခဲ့ပါသည်။

သို့သော် ယခုအချိန်တွင် အပါး၏ ရယ်မောသံများသည် လေပြင်းနှင့်အတူ ဟိုး အဝေးသို့ ထွက်သွားခဲ့လေပြီ။ "ကျန်းမာရေး ကရုစိုက်နော် အပါး၊ အပါးက ငယ်တော့တာမဟုတ်ဘူး" ဟု ခွဲခွာခါနီးတွင် ဖခင်၏ တုန့်ရွှဲနေသော ပါးပြင်အား ကြင်နာမှု အနမ်းပေးပြီး ပြောလိုက်သောအခါတွင် အဖြူရောင်ရုပ်

ထိုစဉ် ကျွန်မ၏ အစ်ကိုလတ်က " အပါး ကျွန်တော်ရှိတယ်၊ သမီးတွေရဲ့ အနာဂါတ်အတွက် ဘာမှ မပူနဲ့ ကျွန်တော် တာဝန်ယူပါတယ် " ဟု အပါးကို တင်းတင်း ဖက်ထားရင်း ဆိုလိုက်သောအခါမှ၊ အပါးက ကျွန်မကို ကျောင်းပြီးအောင်ထားဖို့၊ လူကောင်း လူမွန်နဲ့ တွေ့မှ အိမ်ထောင်ချပေးဖို့ မိခင်ကြီးကို ကရုစိုက်ဖို့ ကိစ္စများကို ရှိုက်သံ ငိုသံရောထွေးလျက် ခက်ခဲစွာ ပြောခဲ့ရင်း ကျွန်မ၏ နဖူးပြင်ပေါ် သူ့၏လက်ဖြင့် အုပ်ကိုင်၍ နောက်ဆုံးအကြိမ် အားယူကာ ပွတ်သပ်ပေးရင်း " ဖောယွား အိုဒေါ့နား" ( ကရင်အသံထွက်ဖြင့် - 'ဘုရားသခင် သင်နှင့်အတူ ရှိပါစေ' ဟု အဓိပ္ပါယ်ရသည် ) ဟုနှုတ်ဆက်ပြီး ငြိမ်းချမ်းသောမြေသို့ ထာဝရ ထွက်ခွာသွားခဲ့ပါသည်။

"အရာရာတိုင်းမှာ ဘုရားသခင်ကို ဦးထိပ်ထား၊ ဘုရားကို အားကိုးပါ" ဟု ဖခင်က ဆိုဆုံးမသောအခါ 'အပါး ကိုဘဲ အားကိုးမှာပေါ့' ဟုအမြဲတမ်းပြောခဲ့သော ကျွန်မသည် ဖခင်မရှိသောနောက်ပိုင်းတွင် အမြဲလိုလို စိတ်အားငယ်မှုတွေနှင့် ဘဝ၏ နေ့ရက်များကို ဖြတ်သန်းလာခဲ့ရပါသည်။ ဖခင် ရှိစဉ်တုံးက ဖခင် သွန်သင်ခဲ့သော စကားများကို ဒိုင်ယာရီထဲတွင် ရေးမှတ်ရင်း ဖခင်၏ လမ်းညွှန်မှုကို ယခုတိုင်နာခံခဲ့၍ ၁၀ နှစ်ကျော်ခဲ့သော်လည်း ဖခင် လောကကြီးထဲက ထွက်ခွာသွားသော အဖြစ်ကို တစ်နေ့မှ မေ့မရနိုင်ခဲ့ပါ။ ဖခင်သည် FATHER ဆိုသော အဓိပ္ပါယ်နှင့်အတူ ကျွန်မ အတွက်

- **F - Faith** (ယုံကြည်ခြင်း ရှိခဲ့မှာသူ) - ဘုရားရှင်ကို ယုံကြည်ခဲ့ရုံမက သားသမီးများအား ယုံကြည်ခြင်း မျိုးစေ့ ကြဲသူ။
- **A - Action** ( ပြုမူနေထိုင် ကျင့်ကြံခြင်း ) - ကောင်းသော အကျင့်ကို ကျင့်ကြံခဲ့ရုံမက သားသမီးများအားလည်း သွန်သင်ပြခဲ့သူ။
- **T - Trust** ( စိတ်ချယုံကြည်မှုပေးသူ ) သားသမီးများ၏ နှလုံးရာရဲတိုက်၊ တိုင်ပင်ဖော် တိုင်ပင်ဖက်။
- **H - Healer** (ကုသပေးသူ ) - သားသမီးများ ခံစားနေရသော ကိုယ် စိတ်နှလုံး မကျန်းမာမှု အားလုံးကို ဖြေရှင်းကုသပေးသူ။

* E - Encouragement (အားပေးလှုံ့ဆော်သူ) - သားသမီးတို့၏ နောက်တွင် ကွန်းအားပေး၍ လှုံ့ဆော်သူ။
* R - Recommendation (ချီးမွမ်းပြောဆိုသူ) - သားသမီးတို့၏ လုပ်ဆောင်မှု တစ်ခုစီတိုင်းအား ချီးမွမ်းပြောဆိုတတ်ပြီး အမြဲမြှောက်ပင့်ပေးခဲ့သူ အဖြစ် ရပ်တည်ပေးခဲ့သော အာဇာနည် တစ်ပါး ဖြစ်ပါသည်။

ကြောင့်စေသောသူသည် စွန့်ပစ်ခြင်းကို ခံရသည်ဖြစ်ကြောင်း သူ၏ သားခြေးတို့သည် တောင်း၍စားရသည်ဖြစ်ကြောင်းကို ငါသည် တသက်ပတ်လုံး တလေမျှ၍ ဘုရားသည်ကိုင်တော် မမြင်စဘူး။ ဆာလံ ၃၇း၂၅

တစ်သယ့်ခြောက်နှစ်တာ ကာလပတ်လုံး ကျွန်မ၏ လိုအပ်မှု အလုံးစုံကို ဖြည့်စွမ်းပေးနေသော ဖခင် ( မြစ်တစ်စင်း ) ကို ပေးသနားတော်မူသော ဘုရားရှင်၏ ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ စိတ်ဓါတ်ကျအားငယ်မှုတွေ ရင်ဆိုင်ရတဲ့အခါမှာ အမြဲတစေ အားပေးနှစ်သိမ့်မှုပေးခဲ့သူ ကျွန်မ၏ ချစ်သူနှင့်အတူ စင်ကာပူ Grace မိသားစုမှ ရောင်းရင်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း အသိအမှတ်ပြု၍ ဖခင်များနေ့ အမှတ်တရ အဖြစ် ဤ ဒိုင်ယာရီလေးအား ဝေငှလိုက်ရခြင်းဖြစ်ပါသည်။ ချစ်သော ဖခင်များအားလုံး ဘုရားရှင်ကောင်းချီးပေးပါစေ။ ခရစ်တော်၌ - **နော်အေးမီထွန်း**



# ချစ်သောဒယ်ဒီ

နိုင်ငံခြား မသွားရရင် ကျွန်မ ဘဝက တန်ဖိုးမရှိတော့သလိုမျိုး ခံစားနေရတာပို့ မောင်လေးရဲ့ အကူအညီနဲ့ **Nursing Home** တစ်ခုမှာ အလုပ်လျှောက် လိုက်ပါတယ်။ ပုံစံ ၁၇ ၊ ၁၉ ၊ **D Form** အားလုံးပြည့်စုံပြီ။ လာရုံဘဲ။ ဒါနဲ့ ၁၉၉၇ ဇူလိုင်လ ၄ ရက်နေ့မှာ စင်ကာပူနိုင်ငံကို ရောက်လာပြီး အလုပ်လုပ်ရတယ်။ ကျွန်မ လောက်ပျော်တဲ့သူ ဘယ်ရှိပါ့မလဲ။ ကိုယ်တိုင်က နိုင်ငံခြားသွားချင်နေတာကိုး။ ဒါပေမဲ့ ကျွန်မ ထင်မြင်ထားခဲ့တဲ့ အတိုင်း အတာနဲ့ ဒီနိုင်ငံမှာ လုပ်ရတဲ့အလုပ်က တစ်ခြားစီ ဖြစ်နေတယ်။ ရတယ်။ ကိစ္စမရှိဘူး။ ဆက်လုပ်တယ်။ ဒါနဲ့ တစ်နှစ်ကျော်သွားတော့ မောင်လေးကလဲ ပြန်သွားတယ်။ အဲဒီအချိန်မှာ ကျွန်မကို စာတန်က စပြီးအလုပ်လုပ်တော့တာဘဲ။

လေဒီဘော့စ် ကပေးထားတဲ့လစာနဲ့ မတန်အောင် ကျွန်မကို ရုံးကိစ္စတွေခိုင်းတယ်။ ပထမတော့ မြန်မာကို အထင်သေးတဲ့ပုံစံနဲ့ ခိုင်းနေသေးတယ်။ ကျွန်မကတော့ အချိန်ပိုအတွက် ငွေမရဘဲ ကြိုးစားပြီး လုပ်ပေးလိုက်ရတာ။ တစ်နေ့တော့ သူဌေးက ရုံးခန်းရှင်းရင်း 'ဒီနေ့ မင်းဝိုကို တရုတ် ဘုရားရှိခိုးတဲ့ စက္ကူတွေ မီးရှို့ ပေးပါ။ အခန်းကုံးပုံ တင်ထားတဲ့ တရုတ် ဘုရားစင်ကို သန့်ရှင်းရေး လုပ်ပေးပါ' တဲ့။ ကျွန်မ သိပ်စိတ်တိုသွားတယ်။

ကျွန်မက ချက်ခြင်းဘဲ 'ငါမလုပ်နိုင်ဘူး' လို့ ပြန်ပြောလိုက်တယ်။ သူဌေးမက စိတ်ဆိုးပြီး ကျွန်မကို ဆဲတယ်။ ကျွန်မလဲ ဘယ်လိုဖြစ်သွားလဲ မသိဘူး၊ 'စင်ကာပူမှာ နင့် အလုပ်တစ်ခုတည်း ရှိတာမဟုတ်ဘူး။ ငါကြိုက်တဲ့နေရာ ပြောင်းလုပ်လို့ ရတယ်' ဆိုပြီး စကားများတော့ အလုပ်သမားတွေ အကုန် သုံး ဝိုင်းကြည့်နေကြတယ်။ နောက်နေ့ ကျွန်မ ရန်ကုန်ကို ဖုန်းဆက်တယ်၊ ကျွန်မရဲ့ ချစ်သော ဒယ်ဒီ လာကိုင်တယ်။ ကျွန်မလည်း အခြေအနေအရပ်ရပ်ကို ရှင်းပြလိုက်တယ်။ ဒယ်ဒီက 'အိုကေ၊ သမီးကို ဒယ်ဒီ စီစဉ်ပေးမယ်' တဲ့ ၊ ကျွန်မလဲ ဒယ်ဒီ ဘယ်လိုများ စီစဉ်ပေးမလဲလို့ မျှော်ရင်း နေ့တိုင်း စိတ်မပါဘဲနဲ့ အလုပ်ကို ဆက်လုပ်လာခဲ့ရတယ်။

နောက် ၂ရက်လောက်နေတော့ ရုံးကို ဖုန်းလာတယ်။ ဖုန်းကို ကျွန်မကိုယ်တိုင် ကိုင်လိုက်တော့ Singapore Telecom က Fax ပို့ချင်လို့ပါ၊ miss ဘယ်သူဆိုပြီး ပြောတော့ ကျွန်မလဲ ရုတ်တရက်ကြောင်သွားတယ်။ ကျွန်မရဲ့ နာမည်ကိုပြောတာကိုး။ ဒါနဲ့ **Fax machine** ဖွင့်လိုက်တော့ စာတစ်စောင်ထွက်လာတယ်။ အားလုံး အင်္ဂလိပ်လိုရိုက်ထားတယ်။ အထဲမှာ "ဒယ်ဒီ ဆေးရုံတင်ထားတယ်။ ချက်ခြင်းပြန်လာပါ။ လေယာဉ် လက်မှတ် စီစဉ်ပေးထားပြီ။ မာမီ" တဲ့။ ဒါဟာ အစေ့ မေတ္တာပါ။ သမီးကို စာတန် လက်ကလွတ်ဖို့ သူ့ကိုယ်သူ လူနာတစ်ယောက်လို ဟန်ဆောင်ပြီး ရန်ကုန်စာတိုက်ကြီးကနေ Fax ကို သူကိုယ် တိုင်ပို့တာတဲ့။ ခနနေတော့ ကျွန်မ နာမည်နဲ့ လေယာဉ် လက်မှတ် Two ways open ticket လာပို့တယ်။ သူဌေးမ လဲကြောင်သွားတယ်။ ကျွန်မအတွက် နောက်တစ်ရက်မှာ ဝပ်(ခ)ပါမစ် ကို သွားဖျက်သိမ်း ပေးတယ်။ ကျွန်မ အဝတ်၃စုံနဲ့ မြန်မာပြည်ကို ခပ်တည်တည်ဘဲ ပြန်သွားတယ်။ ရန်ကုန်လေဆိပ်မှာ နိုင်ငံခြားပြန် သမီးကို လာကြိုကြတာ ပျော်စရာကြီး။ သမီးကတော့ အိမ်အပြန် သက်ဆောင် လေးတောင် မဝယ်နိုင်ရှာပါဘူး။ ဒါပေမဲ့ ချစ်တဲ့ ဒယ်ဒီရဲ့ အစီအစဉ်ကြောင့် ကိုယ့်အိမ် ကိုယ့်ရွာမှာ ပျော်ပျော်ကြီး ပြန်နေလိုက်တယ်။ နိုင်ငံခြားက ဘာမှ မပါလာလို့ ဘယ်သူကမှ အပြစ်မတင်ကြပါဘူး။ ချစ်စရာကောင်းတဲ့ မြန်မာမိသားစုရဲ့ စရိုက်လေးပါ။

ဒီနေ့ စင်ကာပူကို တစ်ကျော့ပြန် ပြန်လာပြီး အလုပ်လုပ်နေရတာလဲ ဒယ်ဒီရဲ့ ကျေးဇူးကြောင့်ပါဘဲ။ နိုင်ငံခြားသွားဖို့ ပိုက်ဆံတစ်ပြားမှ မရှိတော့ ဒယ်ဒီ ဆီမှာ လက်ဖြန့် တောင်းရတော့တာပေါ့။ ဒယ်ဒီ ခများ နေပူထဲ ထီးမပါ၊ ဦးထုပ်မပါဘဲ ဘဏ်ကို သွားပြီး ကျွန်မလိုချင်တဲ့ ငွေကို ထုတ်ပေးရှာပါတယ်။ ဒါဟာ မေတ္တာပါ။ စုန်ရေဆိုတာ ကြားဖူးမှာပေါ့။

**ဒယ်ဒီဟာ သားသမီးတွေ အတွက် စုန်ရေ သက်သက်ပါဘဲ။**

အခုအချိန်ထိ အိမ်ကို ဖုန်းဆက်ရင် ဒယ်ဒီက သိပ်စကားမပြောပါဘူး။ ဒယ်ဒီ အမြဲပြောတဲ့ စကား ၂ခွန်းရှိတယ်။ "ကျန်းမာရေး ဂရုစိုက် သမီး၊ ဘုရားရှင်ကို မမေ့နဲ့တဲ့" အမြဲတမ်းဒါဘဲပြောပြီး ဖုန်းကိုသူများလက်ထဲ ထည့်လိုက်တယ်။ သူ့တာဝန်ပြီးသွားပြီလို့ ယူဆသွားပြီး ကျေနပ်သွားပုံရတယ်။ 'ဒယ်ဒီ ဘာလိုတယ်၊ ဘာပို့ပေးပါ' လို့ ဘယ်တော့မှ မပြောဘူး။ ချစ်စရာကောင်းတဲ့ စိတ်ထားပိုင်ရှင် ဒယ်ဒီကို ထာဝရ ဘုရားရှင် ထာဝစဉ် ကောင်းချီး ပေးပါစေ။ ဒယ်ဒီရဲ့ မေတ္တာတရားကို အစဉ်သတိရ ဂုဏ်ပြုလိုက်ပါတယ်။

ချစ်သမီး - - **မလေး (ဂျူလိုင်)**

တစေ့ မေတ္တာသည်၊ စိတ်ရှည်တတ်၏၊ ကျေးဇူးပြုတတ်၏၊ ငူကာပြိုင်ခြင်းမရှိ၊ မာန်မာန မရှိ၊ ဝါကြွားခြင်းမရှိ၊ မလျော်ဝတ်စွာ ကျင့်တတ်၊ ကိုယ်အကျိုးကို ရှာတတ်၊ သန္တာသရေးနှင့် ဝမ်းမြောက်တတ်၏။

ကိုယ့် အရည်အချင်းတွေ ရေတွက် ကြည့်လိုက်ပါ။ စာရွက် တစ်မျက်နှာပြည့်ရို့ အများကြီး လိုနေအုံးမယ်။
ကိုယ့် အကျင့်ဆိုးတွေ ရေတွက် ချရေးကြည့်ပါ။ စာရွက် ၊ အင်း ... ငါးမျက်နှာ လောက်တော့ အသာလေးဘဲ။
ခံစားရတဲ့ ကျေးဇူးတော်တွေကို ရေတွက် ချီးမွမ်းကြည့်ပါ။ စာအုပ် တစ်အုပ်လုံး ကုန်တာတောင် ရေးလို့ မပြီးနိုင်သေးဘူး။
ဒါတောင် - ကျွန်ုပ်က ကိုယ့် အရည်အချင်းတွေနဲ့ ဝါကြွား ခေါင်းမော့ ချင်သေးတယ်။
အပြစ်တွေ အများကြီးနဲ့ မာနထောင်လွှား ချင်သေးတယ်။
တကယ်ဆို ... ဘာမှ ဝါကြွား မာနကြီးစရာမရှိ။ ကျေးဇူးတော် သက်သက်ဘဲလေ။
**ကောင်းကင်**
**ကျေးဇူးတော်**

# အဖေသာရှိရင်

ခက်ခက် ဒီည အိပ်လို့မရဘူး။ Good Friday ရဲ့ ပုံရိပ်တွေက ခက်ခက်ရဲ့ အတွေးထဲ၊ မျက်ဝန်းထဲမှာ နေရာယူစိုးမိုးနေတဲ့အတွက် ခက်ခက် ဖြတ်သန်းခဲ့တဲ့ ဘဝကြမ်းကြမ်းကို ပြန်သတိရနေမိပါတယ်။ တကယ်တော့ ခက်ခက်ရဲ့ ကျေးဇူးရှင် တစ်ယောက်ကို သတိရနေတယ်ဆိုရင်လဲ မမှားပါဘူး။ ခက်ခက် ၂နှစ်သမီး အရွယ်မှာ ဖခင် ခေါ်တော်မူခြင်း ခံရပါတယ်။ အဲဒီအရွယ်ကစပြီး ခက်ခက်ဟာ ဘဝရဲ့ မပြည့်စုံမှု ( ဖခင်) ကို စတင်ရင်ဆိုင်ခဲ့ရပါတယ်။ သူများတွေ အိမ်ရှေ့ကနေ မိသားစု စုံစုံလင်လင်နဲ့ လမ်းလျှောက်ထွက်တဲ့အခါမျိုး၊ ကျောင်းမှာ ဆုရလို့ ဆုယူတဲ့အခါမျိုးမှာ အဖေနဲ့ အမေရဲ့ အလယ်မှာ ကလေးကထိုင်ပြီး နွေးထွေးတဲ့မျက်ဝန်းနဲ့ တစ်ဦးကိုတစ်ဦး ကြည့်နေကြတဲ့ မြင်ကွင်းကိုမြင်ရရင် ရင်နာမိတယ်။ အထူးသဖြင့် ဖခင်များနေ့ရောက်ရင် အဖေ့ကို အရမ်းသတိရလို့ ဘုရားကျောင်း မသွားရဲပါဘူး။ စိတ်ထဲမှာ "အဖေ သာရှိရင်" ဆိုဟဲ့ အတွေးတွေ ဝင်လာမိတယ်။

ခက်ခက် ရဲ့ အမေဟာ ရိုးသားတဲ့ အိမ်ရှင်မမို့ အဖေဆုံးပြီး ကျန်ခဲ့တဲ့ ကားတစ်စီးနဲ့ ဝပ်ရှော့လေးကို ထုခွဲရောင်းချပြီး ဘာမှ မရှိတော့တဲ့အခါမှာတော့ မြေကြီး အမှုန့်ကြိတ်တဲ့ စက်ရုံမှာ ဝင်အလုပ်လုပ်ရင်း ခက်ခက်တို့ ညီအစ်မ ၄ယောက်ကို ရှာဖွေကျွေးမွေးခဲ့ပါတယ်။ အမေဟာ ညီအမ ၄ယောက်ထဲမှာ အမေးအမြန်း ထူသော၊ စိတ်ကူးယဉ်သော၊ အဖေ့နောက်လိုက်ချင်သော ( အဖေ နိုင်ငံခြားမှာ ဆား သွားချက်တယ်လို့ ယူဆထားတဲ့အတွက်) ခက်ခက်ကို ကျမ်းစာထဲက ယောနအကြောင်း၊ ဝေသရေမာန် ဥယျာဉ်ထဲမှာ ယေရှုဆုတောင်းတဲ့ အကြောင်းတွေကို ပြောပြခဲ့တယ်။ ခက်ခက်ဟာ ကြီးလာတဲ့အထိ အဖေ မရှိတာသိပေမဲ့ အဖေရှိတယ်လို့ယူဆထားတဲ့ နိုင်ငံခြားကို သိပ်သွားချင်ပြီး အဖေမရှိလို့ ဘဝကို မကျေနပ်တာ အားငယ်တာတွေကို အမေသိတယ်။ ဒါကြောင့်လည်း ခက်ခက် အတွက်သာမက လူသားအားလုံးကို အသက်ပေးချစ်တဲ့ ဖခင်အကြောင်း ပြောပြပါတယ်။ အဲဒီအချိန်အထိ ခက်ခက်က ကျေးဇူးရှင်လို့ခေါ်တဲ့ ကျွန်မရဲ့ ဘဝဖခင်ကို မသိနိုင်သေးပါဘူး။ " ထာဝရ ဘုရားကို ကြောက်ရွံ့ခြင်းသည် ပညာ၏ အချုပ်အခြာဖြစ်၏။ "

ကျောင်းသူဘဝတုံးက ကျူရှင်ခ မတတ်နိုင်လို့ "အဖေသာရှိရင်" ဆိုပြီး ကျူရှင်တက်ချင်လို့ ငိုမိပါတယ်။ နောက်ဆုံးတော့ ဈေးပေါတဲ့ ကျူရှင်တစ်ခုမှာ တက်ခဲ့ရပါတယ်။ ဒါတောင် လကုန်ရင် ကျူရှင်ခ ပေးစရာမရှိလို့ ငိုမိပါသေးတယ်။ ဒီလိုနဲ့ လုံးလည်ချာလည်လိုက်ပြီး ခိုလှုံရာမဲ့ သလိုဖြစ်နေချိန်မှာ အမေပြောတဲ့ ကျေးဇူး ရှင်ကို တကယ်အားကိုးလာပါတယ်။ အမေကပြောတယ်၊ သူ နောက်အိမ်ထောင် မပြုဘူး။ အရာအားလုံးကို ဘုရားရှင်လက်ထဲ အပ်ထားတယ်။ သူအမြဲ ဆုတောင်းတယ်။ ဆယ်ဖို့ တစ်ဖို့ထားတယ်။ တစ်ဆုပ်ဆန်လှူတယ်။ သူ့သမီး ၄ယောက်ကိုလည်း ဘုရားရှင်ထံ အပ်နှံလိုက်တယ်။ ပြီးတော့ ဘုရားရဲ့ သမီး ၅ယောက်လို့ပြောပြီး ဆုတောင်း ပါတယ်။

ခက်ခက်လည်း ဘုရားရှင်နဲ့ ပိုမိုနီးကပ် လာပြီး ဘုရားရှင်ကို အားကိုးခြင်း၊ လေးစားခြင်း၊ အကူယူခြင်း၊ စုပုံအပ်နှံခြင်း၊ တိုင်တည်ခြင်း၊ စကားပြောခြင်း၊ စသဖြင့် အဆက်အသွယ် ခိုင်မြဲလာပါတယ်။ အဲဒီလိုနဲ့ ဆယ်တန်းစာမေးပွဲကို မပြည့်စုံတဲ့ကြားက တစ်ရပ်ကွက်လုံးမှာ တစ်ယောက်တည်း အောင်ခဲ့ပါတယ်။ ဒါ ခက်ခက် တော်လို့ မဟုတ်ပါဘူး။ စာမေးပွဲဖြေတုံးက ကျမယ်လို့ ထင်ထားခဲ့ပါတယ်။ ဒါပေမဲ့ ခက်ခက်ကတော့ ဘုရားရှင်ရဲ့ ကျေးဇူးကြောင့် အောင်တယ်လို့ ယုံကြည်ခဲ့ပါတယ်။ ခက်ခက် ဟာ (၁၀) လပိုင်းဖြစ်တဲ့ အောက်တိုဘာလမှာ မွေးပါတယ်။ ခက်ခက်ရဲ့ ဘဝဟာ သုည ဘဲဖြစ်ပါတယ်။ ဘုရားရှင်က ရှေ့မှာ( ၁ )ဖြစ်တဲ့အခါမှ ခက်ခက်ဟာ တန်ဖိုးရှိတဲ့ ၁၀ ဂဏန်းဖြစ်လာ ခဲ့ပါတယ်။

ဘုရားရှင်ဟာ ခက်ခက်ရဲ့ ခွန်အား၊ အားကိုးရာဖြစ်ပြီး၊ ခက်ခက် ဘဝတစ်လျှောက်လုံးမှာ ကူညီခဲ့တာ၊ စောင့်ရှောက်ခဲ့တာဟာ ချစ်လွန်းလို့ပါဘဲ။ ဘဝ ရဲ့ မပြည့်စုံခြင်းဟာလဲ သူ့ကို ချစ်ဖို့၊ အားကိုးဖို့၊ နှိမ့်ချဖို့၊ အစေခံနိုင်ဖို့ မာန်မာန မရှိဖို့ သွန်သင်ပေးနေတယ်ဆိုတာ နားလည်လာရပါတယ်။ ခက်ခက်လို အညတရ၊ မက်မောစရာဘာမှ မရှိတဲ့ သူတစ်ယောက်ကို အသိအမှတ်ပြုရုံမက အရည်အချင်းရှိအောင် လမ်းပြခဲ့တဲ့အတွက် ကျေးဇူးရှင် အစစ်အမှန်ပါဘဲ။

"အဖေသာရှိရင်" လို့ အမြဲတမ်းကြိတ်ပြီး တမ်းတမှုခွေးခဲ့တဲ့ ခက်ခက်ဟာ တစ်ဖက်သတ် မေတ္တာနဲ့ ကားတိုင်မှာ အသေခံပြီး လူသားအားလုံးကို ဘယ်လိုနှိုင်း လို့မှ မရနိုင်တဲ့ အဂ္ဂါပေမေတ္တာနဲ့ ပေးဆပ်ခြင်းကို နားလည်လာရတဲ့အခိုက်မှာ ...

**ကျေးဇူးရှင် ထာဝရဖခင်တစ်ဦး ခက်ခက်နဲ့ အတူအမြဲရှိနေတာ သိလိုက်ရလို့ ဝမ်းသာပီတိ ဖြစ်မိရပါတယ်ရှင်။**

စင်ကာပူကို ဘုရားရှင်ပို့ဆောင်မှုကြောင့် ချောမောစွာရောက်ရှိလာပါတယ်။ "အဖေသာရှိရင်" ဆိုတဲ့ အတွေးဟာ ဒီတစ်ခါမှာတော့ ကွယ်လွန်ဆုံးပါးသွားပြီ ဖြစ်တဲ့ လောကဖခင်ကို တမ်းတခြင်းမဟုတ်ဘဲ ခက်ခက်ရဲ့ ဘဝဖခင် ( ဘုရားရှင် )ကို အားကိုးလို့၊ အမျိုး အသိ တစ်ယောက်မှ မရှိတဲ့ နိုင်ငံခြားကို ရောက်လာခဲ့ပါတယ်။ ကျေးဇူးတော်ကြောင့် ယနေ့အထိ ဘုရားရှင် ခက်ခက်နဲ့ အတူရှိလျှက် ပို့ဆောင်ကောင်းချီးပေးခဲ့ပါတယ်။ တစ်ခါတစ်ရံ ဝံပုလွေတောထဲမှာ ရဲရင့်စွာသက်သေခံဖို့ အသုံးပြုသလို ခက်ခက်ကို ချစ်သော၊ ခက်ခက် က ချစ်သော ယုဒသန်အသင်းတော် ( စင်ကာပူ ) မှာ ရိုးသားစွာ သက်သေခံဖို့ အခွင့်ပေးခဲ့ပါတယ်။ ခက်ခက်ရဲ့ အနားမှာ ခြေချော်ဖို့ ချောင်းမြောင်းနေတဲ့ ခြင်္သေ့ရဲ့ ခံတွင်းမှလည်း ဖယ်ရှားပေးခဲ့ပါတယ်။ ခက်ခက်ရဲ့ ဘေး ပါတ်ဝန်းကျင်မှာ မြင်တွေ့နေရတဲ့ ကူးစက်ရောဂါ၊ စစ်မက်ဘေးဒဏ်၊ ငတ်မွတ်ခေါင်းပါးမှု၊ အခက်အခဲ တွေအပေါ်မှာ စိုးရိမ်မှု၊ ပူပင်သောကတွေက ခက်ခက်ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို ဖဲ့ယူနေပါတယ်။ အဲဒီအချိန် မှာ တိုင်တည်စရာ၊ ခိုလှုံစရာ၊ အားကိုးစရာ အဖြစ် ခက်ခက်ရဲ့ "အဖေသာရှိရင်" ဆိုတဲ့အတွေးတွေ ဝင်လာတဲ့အခါ ဖခင်ရဲ့ ကတိစကားတွေကို သတိရလာ ပါတယ်။ ခက်ခက်ရဲ့ ဝန်ထုပ်တွေ၊ သောကတွေ အားလုံးကို အဖေ (ဘုရားရှင်) ရဲ့ လက်တော်ထဲ စိတ်ချစွာ အပ်နှံလိုက်ပါတယ်။

* အဖေသာ ရှိရင် – မျှော်လင့်ချက်ရှိတယ်။
* အဖေသာ ရှိရင် – ကြီးနိုင်ငယ်ညှင်း အနိုင်ကျင့်ခြင်းတွေ မစိုးရိမ်ရတော့ပါ။
* အဖေသာ ရှိရင် – အခက်အခဲတွေ ရင်ဆိုင်ဖို့ သတ္တိရှိတယ်။
* အဖေသာ ရှိရင် – ဆင်းရဲခြင်းကင်းမယ်။ အားငယ် စရာမလိုဘူး။
* အဖေသာ ရှိရင် – ကြောက်စိတ်တွေ ရှောင်ခွာ၊ အားကိုးစရာရှိတယ်။
* အဖေသာ ရှိရင် – ကယ်တင်ခြင်းစိတ်ချမှု အပြည့်ရှိတယ်။
* အဖေသာ ရှိရင် – အနာဂါတ်စိတ်ချမှု ရှိပြီကွယ်။

ခက်ခက် ဘဝမှာ ဘာကိုမှ စိုးရိမ် ကြောင့်ကြမှု မရှိတော့ဘူး။

" အဖေသာ ရှိရင်လေ " – – [ ဖေါ်ဒေး ]

'မဝင်ရ'
ထိုင်စောင့် နေရုံပေါ့ ။
တစ်ချို့က လှည့်ပြန်သွားတယ် ။
တစ်ချို့က ကျော်တက်သွားတယ် ။
တစ်ချို့က ပူညံပူညံနဲ့
ပွက်လောရိုက်ဆဲ ။

'စစ်ဆေးရန် – ရပ်'
ဒီဆိုင်းပုဒ်
အလှည့်ကျ တန်းစီရမြန် ၊
ရေမှုး နဲ့ထီးကော
မေးခွန်းက သောင်းပေါင်းခြောက်ထောင်
မဆုံးခင် ...
လှည့်ပြန်လာတဲ့သူ တွေ့လိမ့်မယ်။

ပူးဒါး

ဝင့်ခိုင်